ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan(VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ်

သဲဖြူအုပ်စု၊ သဲဖြူကျေးရွာ

**မာတိကာ**


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)
အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ



ကြံ့ခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံ့ခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုးချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံ့ခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ရခိုင် ပြည် နယ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် သဲဖြူကျေးရွာအုပ်စုပြမြေပုံ




သဲဖြူကျေးရွာအုပ်စုပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း** (သဲဖြူကျေးရွာအုပ်စု)

**၁.သဲဖြူကျေးရွာ**

၂. ကုန်းမြင့်ကျေးရွာ

၃. ပေဖြူကုန်းကျေးရွာ

၄. နန်းလုံးကြိုင်ကျေးရွာ

၅. မင်းတဲလေးကျေးရွာ

သဲဖြူကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၅)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄. သဲဖြူကျေးရွာ၏အခြေခံအချက်အလက်များ

သဲဖြူကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ သဲဖြူအုပ်စုတွင် တည်ရှိပြီး၊ အိမ်ခြေ(၁၂၄) အိမ်ရှိပါသည်။ ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မုတ္တုပ်ကျေးရွာ၊ မင်းတဲလေးကျေးရွာတို့နှင့် နီးစပ်နေပါသည်။ ကြံခင်းမြို့နှင့်(၂) ဖာလုံကွာဝေးပြီး၊ ကတ္တရာလမ်းဘေး တွင် တည်ရှိသောကျေးရွာလေးဖြစ်ပါသည်။

ကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်ယာလုပ်ငန်းဖြစ်ပါသည်။ ရွာဘေးတွင် တည်ရှိသော လယ် ကွင်းများသည် ဆယ်ရေရရှိသောကြောင့် သီးနှံများ ရာသီမရွေးစိုက်ပျိုးလျှက် ရှိပါသည်။ အစိုးရဝန်ထမ်း ၊ ကျောင်းဆရာ/ ဆရာမများနှင့် စက်ရုံဝန်ထမ်းများလည်း ရှိပါသည်။

ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပြီး၊ ချင်းလူမျိုးနှင့် ခရစ်ယာန်ကိုးကွယ်သူ အနည်းငယ်ရှိကြောင်း သိရပါသည်။ လျှပ်စစ်မီးရရှိသော ကျေးရွာလေးဖြစ်ပါသည်။

သဲဖြူကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ထိုကျောင်းလေးမှ ပညာတတ်၊ လူရည်ချွန်ဝန်ထမ်း ကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရပါသည်။ သဲဖြူကျေးရွာရှိ ရွာသူရွာသားများအား လုံးသည် ရိုးသား၊ ကြိုးစား၍ လူမျိုး၊ ဘာသာ မခွဲခြားတတ်ပဲ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းလုံးညီ ညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်သော ကျေးရွာလေးဖြစ်ပါသည်။


## ၅. လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၄-၉-၂၀၁၄ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၂၆ | ၂၀ | ၄၆ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၄-၉-၂၀၁၄ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၂၆ | ၂၀ | ၄၆ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၄-၉-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ် နွမ်းပါးအုပ်စုများ | ၂၆ | ၂၀ | ၄၆ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့ စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၄-၉-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊အခြားအဖွဲ့ တွင်ပါဝင်သူများ | ၂၆ | ၂၀ | ၄၆ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့ အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၇-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၆ | ၂၀ | ၄၆ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်ရေးရရှိ<br>နိုင်မှုပေါ်သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များအပေါ်<br>အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၇-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၆ | ၂၀ | ၄၆ | -အရင်းမြစ်များပေါ်တွင်(အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၂၇-၉-၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၂၆ | ၂၀ | ၄၆ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ။ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂၇-၉-၂၀၁၇ | ကော်မတီဝင်များ<br>နှင့်ရပ်ရွာလူထုများ | ၂၆ | ၂၀ | ၄၆ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု။ |
| ၉။ | ကျေးရွာဦးစားပေးလုပ်ငန်း | ၂၇-၉-၂၀၁၇ | ကော်မတီဝင်များ<br>ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | ၂၆ | ၂၀ | ၄၆ | -အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>




လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

- **ဒေသတွင်း သဘာဝအရင်းအမြစ်များအနေဖြင့်** လယ်ယာများ၊ ဆည်မြောင်းများကို မှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။
- **လူမှုအဆောက်အဦများအနေဖြင့်** ကျေးရွာတွင် သာသနာ့အဆောက်အဦအနေဖြင့် ဘုန်းကြီးကျောင်း၊ ဓမ္မာရုံတို့ရှိသည်ကို တွေ့ရပါသည်။ မူလတန်းကျောင်းရှိပြီး၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးကိုကြံခင်းမြို့ပေါ်သို့လည်းကောင်း၊ချင်းမြောင် အထက်တန်းကျောင်းသို့လည်းကောင်း သွားရောက်ပညာ သင်ကြားကြပါသည်။ ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးရွာအုပ်ချုပ်ရေးရုံး၊ စပါးစက်၊ ဘုန်းကြီးကျောင်း၊ စပါးကျီ၊ ဂုံးပေါက်တံတား၊ ရေတွင်း၊ ရေတုံကင်၊ ဆည်မြောင်း၊ စေတီ စသည်တို့ရှိပါသည်။
- **လမ်းပန်းဆက်သွယ်ရေးအနေဖြင့်** ကျေးရွာမှာ ကြံခင်း- ဘက်ရဲလမ်းမကြီးဘေးတွင် တည်ရှိပြီး၊ ကြံခင်းမြို့နှင့် (၁) မိုင်ခန့်သာ ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။
- **ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး** သဲဖြူကျေးရွာသည် ကြံခင်းမြို့နှင့် အလှမ်းမဝေးသောကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ အခက်အခဲမရှိသည်ကို တွေ့ရပါသည်။
- **ကျေးရွာသည် လူထုဗဟိုပြုစီမံကိန်း၊ ပထမနှစ်စက်ဝန်းတွင် ဆောင်ရွက်ပေးခဲ့သော ရွာတွင်းချောင်းကျောက်လမ်းအပြင်၊ ဒုတိယနှစ်စက်ဝန်းတွင် ကွန်ကရစ်မီးတိုင်လဲလှယ် ခြင်းလုပ်ငန်းကို ဆောင်ရွက်လုပ်ကိုင်ခဲ့ပါသည်။**
- **ယခု တတိယနှစ်စက်ဝန်းတွင် ဒုတိယနှစ်မှ ဆွေးနွေးခဲ့သော အကြောင်းအရာများ၊ အခြား လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များ အသစ်ထပ်တိုးပြောင်းလဲခြင်းများ မရှိခဲ့ပါ။**

- **ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက် (တတိယနှစ်စက်ဝန်း)**
  - စာသင်ကျောင်း အမိုး၊ အကာပြုပြင်ခြင်း
  - လျှပ်စစ်မီးကြိုးလဲလှယ်တပ်ဆင်ခြင်း
  - ရေပေးဝေရေး( ဘက်စုံသုံးရေကန် ဂါလံ- ၅၀၀၀)
  - ရွာလယ်ချောင်းဖော်ရန်
  - လယ်ယာသုံးစက်ကိရိယာများ
  - ကျေးလက်အိမ်ယာစီမံကိန်း

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>





ရာသီခွင်ပြ ပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

- **ရာသီဥတုမှာ** တပေါင်း၊ တန်ခူးလများသည် အပူဆုံးလများဖြစ်၍ နယုန်လမှစတင်ကာ သီတင်းကျွတ်လအထိ မိုးရွာသွန်းနေသည်ကို တွေ့ရပါသည်။ တန်ဆောင်မုန်းလမှ တပို့တွဲလများသည် နှင်းများကျ၍ ချမ်းအေးသည်ကို တွေ့ရသည်ကို တွေ့ရပါသည်။
- **အလုပ်အကိုင်နှင့် ဝင်ငွေမှာ** တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန် စသော ပွင့်လင်းရာသီများတွင် ဈေးရောင်းသော လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ မိုးရာသီတွင် ကောက်စိုက်ခြင်း၊ တော်သ လင်းလတွင် ထင်းခွေခြင်း၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ကောက်ရိတ်ခြင်း လုပ်ငန်း များကို လုပ်ကိုင်ကြပါသည်။ အများစုမှာ ဈေးရောင်းသောလုပ်ငန်း၊ ကျပန်းလုပ်ငန်းများနှင့် အသက်မွေးကြသောကြောင့် (၁၂)လရာသီတွင် ဝင်ငွေကွာခြားမှု မရှိသည်ကို တွေ့ရပါသည်။ အားလပ်ချိန်မှာ မရှိသလောက် နည်းပါးပါသည်။
- **ပွဲတော်များမှာ** ဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံးစံအတိုင်း ရာသီအလိုက် ပွဲတော်များ ကျင်းပကြသည်ကိုတွေ့ရပါသည်။
- **ကျန်းမာရေးအခြေအနေမှာ** မိုးဦးရာသီ နယုန်၊ ဝါဆိုလများတွင် မျက်စေ့နာခြင်း၊ တုတ်ကွေးဖြစ်ခြင်း သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ချောင်းဆိုးခြင်းများ ဖြစ်လေ့ရှိသည်ကို တွေ့ရပါ သည်။
- **ဒေသထွက်အစားအစာ** အနေဖြင့် တန်ခူးလမှ ဝါဆိုလအထိတွင် အစားအစာများ ပေါများသည်ကိုတွေ့ရပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သဲဖြူကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည်နှစ်စဉ်ကြုံတွေ့နေကြအတိုင်း ထပ်တိုးပြောင်းလဲခြင်း မရှိပါ။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၈) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်



ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

ပါဝင်ဆွေးနွေးသူ- ကျား - ၁၅ဦး
မ - ၁၅ဦး

သဲဖြူအုပ်စု ရက်စွဲ ၂၇.၉.၂၀၁၇ သဲဖြူကျေးရွာ

| အဆင့် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | တိုက်ခံအိမ်၊ ပျဉ်ထောင်အိမ်၊ ဖော်ကား၊ လယ် (၄၀) ဧက၊ လယ်ထွန်စက် (ကြီး/သေး)၊ ရေတွင်းစက်၊ မြက်ဖြတ်စက်၊ ရေရှပ်စက်၊ ဆိုင်ကယ်၊ မိတ်ဘက်၊ စက်ရေတွင်း၊ ဝယ်စာဖူလုံမှု (၅) နှစ်စာ၊ ဘွဲ့ရသည်ထိ ကျောင်းထားနိုင်၊ ဆေးကုဆေးခန်း သွားပြနိုင်၊ ဖုန်း (၁) ယောက် (၁) လုံး ကိုင်နိုင်။ | ၃၂ | ၂၅.၆% |
| အလယ်အလတ် အုပ်စု | ပျဉ်ထောင်အိမ်၊ လယ် (၅) ဧကနှီးပါး၊ လယ်ထွန်စက်သေး၊ မြက်ဖြတ်စက်သေး၊ ရေရှပ်စက်၊ မိတ်ဘက်၊ ဆိုင်ကယ်၊ စက်ရေတွင်း၊ ဝယ်စာဖူလုံမှု (၁) နှစ်စာ၊ ဘွဲ့ရသည်ထိ ကျောင်းထားနိုင်၊ ဆေးကုဆေးခန်း သွားပြနိုင်၊ ဖုန်း (၁) လုံး ကိုင်နိုင်။ | ၄၀ | ၃၂% |
| မပြေလည်သော အုပ်စု | သွပ်မိုး၊ မှုထရံကာ၊ ကြမ်းခင်း၊ ကျပန်းအလုပ်၊ စက်ဘီး၊ မိတ်ဘက် (အနည်းစု)၊ ရေတွင်းကင်း (ယက်ဒိုပ်)၊ ဖုန်း (၁) လုံး၊ အလယ်တန်းထိ ကျောင်းထားနိုင်၊ ဆေးကုဆေးခန်း သွားပြနိုင် (ချေးငှား၍)၊ ဆန်၊ ဆီ ဝယ်ချင် ကျေးရွာ ဆိုင်သာဝယ်နိုင်။ | ၄၉ | ၃၉.၂% |
| နွမ်းပါးသော အုပ်စု | ဖြုံမြေမရှိ၊ ဝါးအိမ်၊ ကျပန်းအလုပ် (ကြုံရာ)၊ ဆွား၊ ဝက် မွေးစားလုပ်ယူ၊ အလယ်တန်းထိကျောင်းထားနိုင်၊ ဆေးကုဆေးခန်း သွားပြနိုင် (ချေးငှား၍) | ၃ | ၃.၂% |
| | စုစုပေါင်း | ၁၂၄ | ၁၀၀% |


လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**<u>ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)</u>**

- သဲဖြူကျေးရွာ၏ လူနေမှုအဆင့်များကို (က၊ ခ၊ ဂ၊ ဃ) ဟူ၍ အဆင့်(၄) ဆင့်သတ်မှတ် ပြီး ရေးဆွဲခဲ့ပါသည်။
- သဲဖြူကျေးရွာတွင် ချမ်းသာသောအုပ်စု၊ (က) အုပ်စုမှာ (၃၂) အိမ်ထောင် စုရှိပြီး၊
- အသင့်အတင့်အုပ်စု၊ (ခ) အုပ်စုမှာ အိမ်ထောင်စု (၄၀) ရှိပါသည်။
- အဆင့်(က) နှင့် (ခ) မှာ ယခုတတိယနှစ်စက်ဝန်းတွင်လည်း ကွာခြားမှု မတွေ့ရပါ။
- မပြေလည်သောအုပ်စု၊ (ဂ) အုပ်စုမှာ (၄၉) အိမ်ထောင်စုနှင့်
- နွမ်းပါးသောအုပ်စု၊ (ဃ) အုပ်စုမှာ (၃) အိမ်ထောင်စုသာ ရှိပါသည်။
- ကျေးရွာ၏ လူမှုစီးပွားအဆင့်သတ်မှတ်ချက်ကို ကြည့်ခြင်းအားဖြင့် ကျေးရွာ၏ ကွဲပြားသော အုပ်စု အခြေအနေများကို သိရှိနားလည်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အုပ်စုအားလုံး ပါဝင်လာစေရန် အထောက်အကူ ပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရ ပါသည်။
- **ယခုတတိယနှစ်စက်ဝန်းတွင် သဲဖြူကျေးရွာ၏ ဥစ္စာဓန ကြွယ်ဝမှုဇယား၊ လူမှုစီးပွား အဆင့်( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) ဖော်ပြမှုတွင် ဒုတိယနှစ်မှ ဆွေးနွေးထား သော အကြောင်းအရာများ၊ သုံးသပ်ချက်များအတိုင်းပင်ဖြစ်ပြီး၊ အသစ်ထပ်တိုးပြောင်းလဲမှု မရှိပါ။ အိမ်ခြေ အတိုး၊ အလျော့အနည်းငယ်သာ ရှိပါသည်။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း





အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- ကျေးရွာအတွင်းတွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ပရိတ်အသင်းအဖွဲ့၊ ကျောင်းကော်မတီ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ ရပ်မိရပ်ဖ၊ စာကြည့်တိုက်အသင်း၊ မီးလင်းရေးအဖွဲ့ တို့ရှိကြပြီး၊ အုပ် ချုပ်ရေးအဖွဲ့မှာ အင်အားအကြီးဆုံးဖြစ်ပါသည်။
- အုပ်ချုပ်ရေးအဖွဲ့မှာ ပြင်ပရှိ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့ဖြင့်လည်းကောင်း၊ ကျေးရွာ လူထုဗဟိုပြု စီမံကိန်းအဖွဲ့မှာ မြို့နယ်လူထုဗဟိုပြုစီမံကိန်း အဖွဲ့ဖြင့်လည်းကောင်း၊ အသီးသီးချိတ်ဆက် ဆောင်ရွက်မှုပြုလုပ်ကြကြောင်း သိရှိရပါသည်။
- ပရိတ်အသင်းအဖွဲ့၊ ဂေါပက အဖွဲ့တို့သည် ကျေးရွာအတွင်းရှိ သာရေး၊ နာရေး၊ ဘာသာရေး များ အတူတကွ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်ကြကြောင်း တွေ့ရပါသည်။
- ကျေးရွာတွင် မီးသတ်အဖွဲ့မှာ အနည်းငယ်သာရှိပြီး အခြားကျေးရွာများရှိ အရံမီးသတ်အဖွဲ့ များနှင့် ပူးပေါင်းကာ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဆက်သွယ်မှုများ ရှိသည်ကို သိရပါသည်။
- မီးလင်းရေးအဖွဲ့မှာ မြို့နယ် EPC ရုံးနှင့် ဆက်သွယ်ကာ ကျေးရွာမီးလင်းရေးအတွက် အမျိုး သား၊ အမျိုးသမီး အချိုးညီစွာ ဖွဲ့စည်းထားပြီး လူထုဗဟိုပြုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိ သည်။
- အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအား ရေးဆွဲခြင်းအားဖြင့် ကျေးရွာတွင်း အဖွဲ့အစည်းများနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းများ အသီးသီးချိတ်ဆက် ဆောင်ရွက်ကြမှု၊ အင်အားကြီး အဖွဲ့ အစည်းများ၊ အင်အားသေး အဖွဲ့အစည်းများကို ကြည့်ပြီး ကျေးရွာတွင် အကြောင်းကိစ္စ ကြီး/ ငယ် ပေါ်ပေါက်ပါက ကျေးရွာသူ/ ကျေးရွာသားများ ဆက်သွယ်ဆောင်ရွက်တတ်ကြ စေရန် ရည်ရွယ်ရေးဆွဲခဲ့ပါသည်။
- ကျေးရွာတွင်း နှင့် ကျေးရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိခြင်းအားဖြင့် ကျေးရွာ၊ အုပ်စု၊ မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မတူညီသောအဖွဲ့အစည်းများ၊ မတူညီသော သတင်းအချက်အလက်များကို တပြေးညီဆောင်ရွက်သိရှိနိုင်ပြီး၊ ပိုမိုဖွံ့ဖြိုးအောင်မြင်လိမ့် မည် ဟုသိမြင် ခံစားမိပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သဲဖြူကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြမြေပုံ (ဆွေးနွေး ချက်နှင့် ဆန်းစစ်ချက်) သည် ထပ်တိုး ပြောင်းလဲချက်များ မရှိပါ။ ကျေးရွာတွင်းအဖွဲ့ အစည်း များလည်း ထပ်တိုးခြင်း၊ လျော့နည်းခြင်းများ မရှိပါ။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>








အရင်းအမြစ်များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- အရင်းအမြစ်ပိုင်ဆိုင်မှု၊ အသုံးပြုမှုတို့တွင် သဲဖြူကျေးရွာ၏ အမျိုးသားများသည် လယ်ထွန်စက်၊ ရိတ်ခြွေစက်၊ နွား၊ မြက်ဖြတ်စက်၊ ကား စသည်များကို သီးသန့်အသုံးပြု ကြသည်ကို တွေ့ရပါသည်။
- အမျိုးသမီးတို့မှာ ဈေးဆိုင်၊ ကြက်၊ ဝက် မွေးမြူရေး စသည်များကို သီးသန့်အသုံးပြုကြသည်ဟု သိရပါသည်။
- သဲဖြူကျေးရွာရှိ အမျိုးသားများသည် မိမိတို့သီးသန့် အသုံးပြုနေသော လယ်ထွန်စက်၊ နွား၊ ရိတ်ခြွေစက်၊ မြက်ဖြတ်စက်၊ ကား စသည့်အရာများကို ပိုင်ဆိုင်ထိန်းချုပ်မှု ပြုကြပါသည်ဟု ထုတ်ဖော်ပြသကြပါသည်။
- အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံး အသုံးပြုနေသော လယ်၊ အပ်ချုပ်စက်၊ ဆိုင်ကယ်၊ စက်ဘီး ၊ လှည်း၊ မူလတန်းကျောင်း၊ ဆေးခန်း၊ ဘုန်းကြီးကျောင်း၊ အိမ် စသည်များကို အမျိုးသား/ အမျိုးသမီး နှစ်ဦးစလုံးပင် အတူထိန်းချုပ် ပိုင်ဆိုင်ကြပါသည်ဟု ထုတ်ဖော်ကြပါသည်။
- အမျိုးသမီးတို့မှာ ဈေးဆိုင်၊ ကြက်၊ ဝက် မွေးမြူရေးကိုသာ သီးသန့်အသုံးပြုခြင်း၊ သီးသန့် ထိန်းချုပ်ထားခြင်း စသည် ဖြင့် သတ်မှတ်လက်ခံနေကြောင်း တွေ့ရှိခဲ့ရပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သဲဖြူကျေးရွာ၏ အရင်းအမြစ်များ အသုံးပြုမှု၊ ထိန်းချုပ်မှု(ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် စီမံကိန်းဒုတိယနှစ်မှ ဆွေးနွေးမှုများ အတိုင်းဖြစ်ပြီး အသစ်ထပ်တိုးပြောင်းလဲမှုများ မရှိပါ။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်





ပင့်ကူအိမ်ကွန်ယက်

## ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

- သဲဖြူကျေးရွာ၏ အမျိုးသားနှင့် အမျိုးသမီးတို့၏ ပညာရေးလက်လှမ်းမီမှု တွင် အမျိုးသမီးများသည် အမျိုးသားများထက် အနည်းငယ်အားသာနေသည်ကို တွေ့ရပြီး၊ ရာခိုင်နှုန်းအားဖြင့် အမျိုးသမီးများသည် ၆၀%၊ အမျိုးသားများသည် ၅၀%ခန့် ရှိသည်ကို တွေ့ရပါသည်။
- အုပ်ချုပ်မှု၊ အဖွဲ့အစည်းတွင်ပါဝင်မှုနှင့် ဝင်ငွေရှာဖွေနိုင်မှုတွင် သဲဖြူကျေးရွာမှ အမျိုးသမီးများသည် အမျိုးသားများလောက် အခွင့်အရေးမရရှိသည်ကို တွေ့ရပါသည်။
- သဲဖြူကျေးရွာ၏ အမျိုးသမီးများသည် အမျိုးများထက် ဝင်ငွေရရှိမှုတွင် လျော့နည်းနေပြီး၊ အိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုတွင် အချိန်များစွာပေးနေရ ကြောင်း သိရပါသည်။ သို့သော် ဝင်ငွေစုဆောင်းမှုတွင် အမျိုးသမီးများမှ အားသာနေကြောင်း သိရပါသည်။
- ယုံကြည်မှုနှင့် လုံခြုံမှုတို့တွင် အမျိုးသမီးများသည် အမျိုးများထက် အားနည်းနေသော်လည်း၊ ရာခိုင်နှုန်းအားဖြင့် များစွာကွာဟမှု မရှိကြောင်း တွေ့ရပါသည်။
- ပင့်ကူအိမ်ကွန်ယက်ကို သုံးသပ်ခြင်းဖြင့် အမျိုးသား၊ အမျိုးသမီးတို့၏ ကွာခြားချက်များကို သိရှိနိုင်ပြီး၊ မိမိတို့ကျေးရွာတွင် ကွာဟနေသော လူနေမှုအဆင့်ပုံစံများကို ပြောင်းလဲညှိနှိုင်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီး တန်းတူပါဝင်လာစေခြင်းဖြင့် ကျား- မရေးရာကဏ္ဍများတွင် များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် သဲဖြူကျေးရွာ၏ ပင့်ကူအိမ်ကွန်ယက်( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် အသစ်ထပ်မံ ပြောင်းလဲတိုးတက်ခြင်းများ မရှိခဲ့ပါ။**

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်





အခက်အခဲ ပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- ကျေးရွာ၏ အခက်အခဲ၊ ပြဿနာများကို အမျိုးသားနှင့် အမျိုးသမီး အဖွဲ့ခွဲ၍ ဆွေးနွေးစေခဲ့ရာ အမျိုးသားများမှ ဖော်ထုတ်ခဲ့သော အခက်အခဲများမှာ မီးဘေးအတွက် မီးသတ်ရေလှောင်ကန် မရှိခြင်း၊ ရေဆိုးမြောင်း တိမ်ကောနေသောကြောင့် ချောင်းရေလျှံခြင်း၊ ချောင်းရေလျှံသောကြောင့် အိမ်များ၊ လမ်းများ ရေနစ်မြုပ်ခြင်း၊ လျှပ်စစ်မီးကြိုးများ မကောင်းခြင်းကြောင့် အန္တရာယ် ရှိခြင်း စသည့်အခက်အခဲများကို ထုတ်ဖော်ကြပါသည်။
- အမျိုးသမီးများမှ ဖော်ထုတ်ခဲ့သော အခက်အခဲ၊ ပြဿနာများမှာ စာသင်ကျောင်း အမိုး၊ အကာမကောင်းခြင်း၊ အလုပ်အကိုင် ရှားပါးခြင်း၊ ချောင်းကောနေသောကြောင့် ချောင်းဖော်ရန် ခက်ခဲခြင်း၊ ချောင်းရေလျှံခြင်း၊ ရပ်ရွာလူထု စည်းရုံးရေးခက်ခဲခြင်း စသည့်အကြောင်းအရာများကို ဆွေးနွေးထုတ်ဖော်ခဲ့ကြပါ သည်။
- **ယခု တတိယနှစ်စီမံကိန်း စက်ဝန်းတွင်** အခက်အခဲ၊ ပြဿနာများဆွေးနွေးမှုတွင် အသစ်ထပ်မံ ပြောင်းလဲမှုများ မရှိခဲ့ပါ။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(၈) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်





ကျေးရွာမျှော်မှန်းချက်

ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက် )

- သဲဖြူကျေးရွာ၏ မျှော်မှန်းချက်များကို အမျိုးသားနှင့် အမျိုးသမီး အုပ်စု ခွဲ၍ ဖော်ထုတ်ကြရာတွင် မိမိတို့ကျေးရွာ၏ အခက်အခဲများအပေါ် မူတည်ပြီး ဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။
- အမျိုးသားများ၏ မျှော်မှန်းချက်များမှာ အားကစားကွင်း(၁) ခု ရှိစေချင်ပါသည်။ သဲဖြူရွာတွင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဘိုးဘွားရိပ်သာ ရှိချင်ပါသည်။ ကျေးရွာစာသင်ကျောင်း ပျက်စီးနေသောကြောင့် တိုက်ကျောင်းဖြစ်စေချင်ပါသည်။ မီးသတ်ရေကန်ရရှိချင်ပါသည်။
- အမျိုးသမီးများ၏ မျှော်မှန်းချက်များမှာ ကျေးရွာတွင် ကောနေသော ရွာလယ်ချောင်းရိုးအား ဖော်ပေးစေချင်ပါသည်။ လုံခြုံစိတ်ချရသော ကလေးကစားကွင်း ရှိချင်ပါသည်။ မီးသတ်ရေကန် ရှိချင်ပါသည်။ ကျေးရွာစာကြည့်တိုက်ကို ပြီးပြည့်စုံအောင် ပြုပြင်ချင်ပါသည်။ စာသင်ကျောင်း အမိုး၊ အကာ၊ အခင်း ကောင်းမွန်စေချင်ပါသည်။
- ကျေးရွာ မျှော်မှန်းချက်များကို ဖော်ထုတ်ခြင်းအားဖြင့် မိမိတို့ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော အခြေခံ အဆောက်အဦများနှင့် လိုအပ်ချက်များကို ကောင်းစွာသိရှိနိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

- ကျေးရွာ၏ လူမှုဆန်းစစ်ချက်များ၊ အခက်အခဲ၊ မျှော်မှန်းချက်များပေါ် မူတည်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။
- အမျိုးသားတို့သည် မီးသတ်ရေလှောင်ကန်၊ ကျေးလက်အိမ်ယာ၊ လယ်ယာသုံးစက်ကိရိယာ စသည်တို့ကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။
- အမျိုးသမီးများမှ ရွာလယ်ချောင်းဖော်ရန်၊ လယ်ယာသုံးစက်ကိရိယာ၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကျေးလက်အိမ်ယာစီမံကိန်း၊ စာသင်ကျောင်းပြုပြင်ခြင်း စသည်ဖြင့် ဆွေးနွေးဖော်ထုတ် ကြပါသည်။
- **ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ရာတွင်**

  (၁) စာသင်ကျောင်း အမိုး၊ အကာ ပြုပြင်ခြင်း

  (၂) လျှပ်စစ်မီးကြိုး လဲလှယ်ရန်

  (၃) ဘက်စုံသုံးရေကန်

  (၄) ရွာလယ်ချောင်းဖော်ရန်

## ၇. ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





၈. ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်စာရင်း

အုပ်စု။ ။ မဲကုန်း ကျေးရွာ။ ။ သဲဖြူ

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၇- ၉-၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးလှိုင်ကို | ၀၉၂၅၄၄၆၂၈၄၃ | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ခင်ဆွေ | ၀၉၂၅၀၅၇၈၂၉၃ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးမြတ်ထွေး | ၀၉၉၇၂၆၂၆၀၆၂ | |
| ၄ | | အဖွဲ့ဝင် | ဦးသောမတ် | ၀၉၂၅၆၀၄၆၆၅၆ | |
| ၅ | | အဖွဲ့ဝင် | ဒေါ်နန်းကေလှိုင် | ၀၉၂၅၄၄၆၂၈၄၃ | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစံရှင် | - | |
| ၇ | | အဖွဲ့ဝင် | ဒေါ်နီလာဆွေ | ၀၉၇၉၄၂၁၂၂၀၁ | |
| ၈ | | အဖွဲ့ဝင် | ဒေါ်စန်းစန်းအေး | ၀၉၃၆၃၀၆၂၉၉ | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်သန်းသန်းအေး (၁) | ၀၉၇၇၆၄၂၈၀၈၆ | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ရီရီချို | ၀၉၇၉၈၁၀၈၂၉၃ | |
| ၁၁ | | အဖွဲ့ဝင် | ဦးစိန်လှိုင် | - | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးအောင်ကိုလွင် | ၀၉၂၅၀၅၇၈၂၅၅ | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးမြဝင်း | ၀၉၇၈၁၄၅၆၃၉၇ | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်သန်းသန်းအေး (၂) | ၀၉၄၄၈၉၀၅၃၅၃ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးအောင်ဆန်းမင်း | ၀၉၂၅၂၀၂၄၂၁၂ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ရီရီခိုင် | - | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်ဆုမွန်ဇော်

လက်ထောက်နည်းပညာမှူး - ဒေါ်မေသူဝင်းရွှေ

## ၉. ကျေးရွာအချက်အလက် (ပုံစံ- ၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးတင်အောင်မြေး | ၀၉-၂၅၀၄၃၀၈၈၃ | ဒေါ်မြေရှိုးချစ် |

| မြန်မာနိုင်ငံ၊ တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဘုံဖြူ | ကျေးရွာ ဘုံဖြူ |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၂၃ | ဘာသာ (၁) ဗုဒ္ဓ | ၁၂၃ |
| လူမျိုးစု (၂) ချင်း | ၁ | ဘာသာ (၂) ခရစ်ယာန် | ၁ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မ-၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၁၃၊ မ-၂၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၂၁၁ | ၂၄၁ |
| လူမျိုးစု (၂) ချင်း | ၃ | ၃ |
| လူမျိုးစု (၃) ---------- | | |
| အိမ်ထောင်ဦးစီး | ၉၉ | ၂၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☑ |
| မှတ်ချက် | | | | မှတ်ချက် | | မှတ်ချက်<br>ဘုရား၊တရုတ်ကျောင်း၊ | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည် / (မရှိပါ) / မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁ ဖာလုံ မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--- ၅ မိနစ် --- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင် ✓/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်-------- ၅ မိနစ် -------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင် ✓/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -- အလယ်သာဆုနိုင် (၂၀၀၆)

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ----------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦးတင်[illegible] |
| | လက်မှတ် | နေ့စွဲ ၈.၉.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် | ဒေါ်မြမိုးချစ် |
| | လက်မှတ် | နေ့စွဲ ၈.၉.၂၀၁၇ |

၁၀. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ချယ်ရီဝေ | | | |
| နေ့စွဲ - ၂၇.၉.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု သဲဖြူ | ကျေးရွာ - သဲဖြူ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း ဖိတ်ဆက်အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇ | ၂၆ | ၂၀ | ၄၆ | ဗမာ/ချင်း ၄၅/၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇ | ၂၆ | ၂၀ | ၄၆ | ဗမာ/ချင်း ၄၅/၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃၀.၉.၁၇ | ၃၀.၉.၁၇ | ၁၅ | ၅ | ၂၀ | ဗမာ ၂၀/၂၀ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှုအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

## လူထု[illegible]ပိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ပယ်လှရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ သဘာဝရေးကုန်ကျမှု လျှော့ထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ မြင်/ထိန်းသစ်အစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)



### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခြွန့်ဇော် |
| နေ့စွဲ - ၂၇. ၉.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| မြန်နယ်/တိုင်း ဧရာဝတီ — မြို့နယ် ကြံခင်း — ကျေးရွာအုပ်စု - သဲဖြူ — ကျေးရွာ သဲဖြူ |

ကး အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေဆိုးမြောင်းတိမ်ကောနေသောကြောင့်ချောင်းရေလျှံခြင်းအခက်အခဲ။ | ၁ | စာသင်ကျောင်းတွင်အားကစားကွင်းမရှိခြင်း။ |
| ၂ | လျှပ်စစ်မီးကြိုးများဆွေးကောင်းခြင်းကြောင့်အန္တရာယ်ရှိခြင်း။ | ၂ | အလုပ်အကိုင်ရှားပါးခြင်း။ |
| ၃ | ချောင်းရေလျှံသောကြောင့်အိမ်များ၊လယ်များရေနစ်မြုပ်ခြင်း။ | ၃ | ချောင်းရေလျှံခြင်းအခက်အခဲရှိခြင်း။ |
| ၄ | မီးဘေးအန္တရာယ်ကင်းမီးသတ်ရေလှောင်ကန်မရှိသောကြောင့်မီးဘေး | ၄ | ရပ်ရွာရေရှည်တည်ရှိရေးခက်ခဲခြင်း။ |
| | အန္တရာယ်ကိုရင်ဆိုင်ရခြင်း။ | ၅ | ချောင်းကောနေသောကြောင့်ချောင်းဖော်ရန်အခက်အခဲရှိခြင်း။ |
| | | | |
| | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | အားကစားကွင်းဖြစ်စေချင်ပါသည်။ | ၁ | ကောနေသောရွာလယ်ချောင်းကိုအားဖော်ပေးစေလိုပါသည်။ |
| ၂ | မီးသတ်ရေကန်ရှိစေချင်ပါသည်။ | ၂ | လုံခြုံစိတ်ချရသောကလေးကစားကွင်းဖြစ်စေလိုပါသည်။ |
| ၃ | သဲဖြူကျေးရွာတွင်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဘိုးဘွား | ၃ | ဂါလံ ၅၀၀၀ ဆံ့မီးသတ်ရေကန်ရှိစေချင်ပါသည်။ |
| | ရိပ်သာရှိချင်ပါသည်။ | ၄ | ကျေးရွာစာကြည့်တိုက်ပြီးပြည့်စုံအောင်ပြုပြင်စေချင်ပါသည်။ |
| ၄ | ကျေးရွာစာသင်ကျောင်းပျက်စီးနေသောကြောင့်တိုက်ကျောင်း | ၅ | စာသင်ကျောင်းအမိုးအကာအခင်းကောင်းမွန်စေချင်ပါသည်။ |
| | ဖြစ်စေချင်ပါသည်။ | ၆ | |
| | | ၇ | |

ဂ၊ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်းအမိုး အကာအခင်းပြုပြင်ရန် | ကျား+မ | သိန်း ၁၀၀ | ၄၅၈ ဦး |
| ၂ | လျှပ်စစ်မီးကြိုးလဲလှယ်ရန်။ | ကျား+မ | ၆၀ သိန်း | ၄၅၈ ဦး |
| ၃ | မိုးသောက်ရေလှောင်ကန် (ဂါလံ ၅၀၀၀ ဆံ့ရန်) | ကျား+မ | ၄၀ သိန်း | ၄၅၈ ဦး |
| ၄ | ချာလယ်ပင်ချောင်းဖော်ရန် | ကျား+မ | ၁၅ သိန်း | ၄၅၈ ဦး |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျေးလက်[illegible]ပညာ [illegible] | ကျား+မ | ကျေးလက်ဦးစီးဌာန |
| ၂ | [illegible]ပညာသုံး[illegible] [illegible]ပညာ ([illegible] | ကျား+မ | စိုက်ပျိုးရေးဝန်ကြီးဌာန |
| ၃ | [illegible]စက်) | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible]၊ [illegible] လက်မှတ် ---------- (signature) ---------- နေ့စွဲ ၂၇ • ၉ • ၂၀၁၇

# ၁၂. ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ- ၄)

ပုံစံPC-၄ကျေးရွာ ခွဲရွေးချယ်ခြင်းပုံစံ

လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဒေါ်ဆုမွန်ဇော် ၊ ဒေါ်မေသည်းရွှေ | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း- စစ်ကိုင်း | မြို့နယ်- ကြံခင်း | ကျေးရွာအုပ်စု သဲမြို့ | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| ပေမြို့ကုန်း | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၆၅၄'×၁၀'×၆" ၂၀၀'×၆'×၆" | ၅၂ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၁၁၈ သိန်း) | | | – | (၁၁၈ သိန်း) |
| နှင်းလုံးကြိုင် | ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး | မီးတိုင်(၁၂) တိုင် ၊ မီးကြိုး (၁၅၀၀)မီတာ | ၃၃ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၃၉၁ သိန်း) | | | – | (၃၉၁ သိန်း) |
| ကုန်းမြင့် | အရှေ့ပိုင်းလက်ကျန်တူးကွင်း တူးခြင်းနှင့် မြောက်ပိုင်းရေကွင်းအမိုးအကာပြုပြင်ခြင်း | (၆' ø ၂၄'+၃') (၁၄'×၁၄') | ၄၅၄ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၄၅၁ သိန်း) | | | – | (၄၅၁ သိန်း) |
| | | | | □အမျိုးသား | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | □အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးလှိုင်ကို ၊ ခေါ်သင်းသင်းချို

လက်မှတ် ________ ရက်စွဲ ၂၀.၁၁.၂၀၁၇

၁၃. အစည်းအဝေးမှတ်တမ်းများ

**လူထုဗဟိုပြုစီမံကိန်း** ( တတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု - သဲဖြူ**

**ကျေးရွာ - သဲဖြူ**

**ကျေးရွာ(ပထမအကြိမ်နှင့် ဒုတိယအကြိမ်) အစည်းအဝေး** **ရက်စွဲ ၂၇- ၉-၂၀၁၇**

အစည်းအဝေးကို နေ့လည်(၁၀း၀၀) နာရီတွင်စတင်ကျင်းပခဲ့သည်။ အစီအစဉ်(၁)တွင် ကျေးရွာအုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်အောင်ဌေး အဖွင့်အမှာစကား ပြောကြားပြီး "လူထုဗဟိုပြု စီမံကိန်း၊ တတိယနှစ်စီမံကိန်း" အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ ကျေးရွာ အုပ်စု အနေ ဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီ တက်ရောက်ကြ သည့် အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သောလိုအပ်ချက် လုပ်ငန်းများကို စီမံကိန်း အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့်ပါကြောင်း" စသ ဖြင့်အမှာစကား ပြောကြားခဲ့ပါသည်။

(၁၀း၁၅) နာရီတွင် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ ကျေးရွာလူထုနှင့် ဝန်ထမ်းများကြား ရင်းနှီးမှုရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်းမိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန် ဝတ္တရား များ၊စီမံကိန်းတွင်လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ အကြံပြုတိုင်ကြားရေးစနစ် အကြောင်း စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

နေ့လည် (၁၁း၀၀) နာရီတွင် စီမံကိန်း တတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည် ဖြစ်၍ စေတနာ့ဝန်ထမ်းများ၏ တာဝန် ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျ သောလျှို့ဝှက်စနစ်အကြောင်း ထပ်မံ ရှင်းပြခဲ့ပြီး စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ (၁၁း၄၀) နာရီတွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြုကော်မတီဝင်များ၏ တာဝန်ဝတ္တရား များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။

နေ့လည် (၁း၃၀) နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များအသုံးပြုမှု၊ ပိုင်ဆိုင်မှု/ထိန်းချုပ်မှု၊ ဥတုစာရင်း စံသတ်မှတ်ချက်၊ ပင့်ကူအိမ်သုံး သပ်ချက် (ကျား၊ မ)၊ ရာသီခွင်ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှု ပြမြေပုံ) တို့ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြရာ၊ ဆွေးနွေးသော အကြောင်းအရာများ၊ သုံးသပ်ချက်များသည် ဒုတိယနှစ်မှ ဆွေးနွေးဖော်ထုတ် ခဲ့ကြသောအကြောင်းအရာ၊ အချက်အလက်များ အတိုင်း ပြောင်းလဲမှု မရှိခဲ့ပါ။ ကျေးရွာတွင်း အခြေခံ အချက်အလက်များလည်း အတိုး/ အလျော့ မရှိခဲ့ကြောင်း တွေ့ခဲ့ရပါ သည်။

နေ့လည် (၂း၃၀) နာရီတွင် ကျေးရွာဖွံ့ဖြိုးရေးစာအုပ် အကြောင်းကို ရှင်းပြခဲ့ပြီး၊ လက်တောက် နည်းပညာမှုးမှ သဘာဝအကာအကွယ်နှင့် လူမှုအကာအကွယ်များအကြောင်းကို ဆက်၍ရှင်းပြခဲ့ပါ သည်။ ထို့နောက် သဲဖြူကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲပြဿနာများ အကြောင်း ဆွေးနွေးဖော်ထုတ်ကြပြီး၊ အဓိကဖြစ်သော အချက်အလက်များကို ထပ်မံထည့်သွင်း ဖော်ပြ ခဲ့ကြပါသည်။ ကျေးရွာ မျှော်မှန်းချက်များတွင် ပြောင်းလဲမှုမရှိခဲ့ပါ။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို တောင်းဆိုဆန္ဒပြုကြရာ အဓိကဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်း (၆)ခု ထွက်လာခဲ့ပြီး၊ ဦးစားပေး အဆင့် ရွေးချယ်သတ်မှတ်ရာတွင်လည်း၊ ကျေးရွာ၏သတ်မှတ်ရွေးချယ်ချက် အရ၊ ဦးစားပေးလုပ်ငန်း (၄)ခု ရရှိခဲ့ပါသည်။

ညနေ (၄း၃၀) နာရီတွင် ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေး၊ (တတိယနှစ်စက်ဝန်း) အား အောင်မြင်ပြီးမြောက်ခဲ့ပြီး၊ ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေးအား ပိတ်သိမ်းခဲ့ပါသည်။

**လူထုစည်းရုံးရေးမှုး**

**ဒေါ်ဆုမွန်ဇော်**

## ၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | စာသင်ကျောင်း အမိုး၊ အကာ ပြုပြင်ခြင်း | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | မီးသတ်ရေလှောင်ကန် | ကျား+မ | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၃ | မီးလင်းရေး (မီးကြိုးလဲလှယ်တပ်ဆင်ခြင်း) | ကျား+မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | ရွာလယ်ချောင်းဖော်ရန် | ကျား+မ | ၂၀၂၂ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |